# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 30, 2020 Volume 29, Number 18


**၃၀.၃.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၀၆ -US$ |
| မြန်မာ့ရွှေဈေး | = Close |
| ဒေါ်လာဈေး | = ၁၃၈၅/- ကျပ် |
| CBM Rate | = ၁၃၉၃.၆ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၄၅.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၇၇.၉၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၂၇.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၉၅.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၈၅၈.၃၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၆.၅၀ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၄၄၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၃.၇၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၂၂.၀၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၂.၆၈၃ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ပြည်တွင်းစားသုံးမှုများပြားလာခြင်းကြောင့် ကုလားပဲများ ရောင်းအားမြင့်တက်လာ

ယခုကာလအတွင်း ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါဂယက်ကြောင့် ပြည်တွင်း၌ စားသုံးရန် ဝယ်ယူမှုများပြားလာသည့် မြန်မာ့ထွက်ကုန်သီးနှံ ကုလားပဲများ ဈေးကွက်အတွင်း ရောင်းအားသိသာစွာ မြင့်တက်လျက်ရှိကြောင်း မန္တလေးမြို့ ပဲကုန်သည်များ ထံမှသိရသည်။

အဆိုပါ ကုလားပဲကိုတောင်သူများအနေဖြင့် ပြည်တွင်းစားသုံးကုန် အတွက်သာ အဓိကစိုက်ပျိုးကြခြင်းဖြစ်သည်။ ပေါ်ဦးပေါ်ဖျား ဇန်နဝါရီလ အတွင်းက သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၇၂၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ကုလားပဲခြမ်း လက်ကားဈေးတစ်ပိဿာလျှင် ငွေကျပ် ၁၉၀၀ နှုန်းဖြင့်လည်းကောင်း အဖွင့်ဈေးစခဲ့ပြီး လှိုင်လှိုင်ပေါ်ထွက်သည့် ယခုချိန်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ၆၂၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ကုလားပဲခြမ်း လက်ကားဈေးတစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀ နှုန်းဖြင့်လည်းကောင်း အရောင်းသွက်လျက်ရှိသည့်အပြင် စားသုံးသူများပြားသည့်အတွက် ကုလားပဲခွဲစက်များလည်း လည်ပတ်မှုကောင်းမွန်လာကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

“ဒီကုလားပဲက ပြည်တွင်းမှာ မြန်မာလူမျိုးတိုင်းစားသုံးတဲ့ ပဲတစ်မျိုးဖြစ်တယ်။ မန္တလေးရဲ့ ဓလေ့အရပြောရရင် သံဃာတော်တွေကို ဆွမ်းလောင်း၊ ဆွမ်းကပ်တဲ့အခါမှာ မပါမဖြစ်လှူဒါန်းကြတယ်။ ဒါ့အပြင် မြန်မာရိုးရာအစားအစာတွေမှာလည်း ထည့်သွင်းသုံးစွဲမှုများတယ်။ ဒီရက်ပိုင်းမှာတော့ ကိုဗစ်-၁၉ ဂယက်ကြောင့် ပြည်သူ့တွေက စားသုံးဖို့ ဝယ်ယူမှုတွေများလာတဲ့အတွက် ရောင်းအားတွေတက်လာပေမယ့် ဈေးနှုန်းတွေကတော့မတက်ပါဘူး။ ဒါ့ပြင် မန္တလေးမြို့မှာရှိတဲ့ ကုလားပဲခွဲစက်တွေရဲ့ တစ်ဝက်ကျော်မှာလည်း စက်ရပ်နားမထားရဘဲ လည်ပတ်နိုင်လာတယ်။ ဒါ့ကြောင့် ဒီပဲခွဲစက်တွေမှာ မှီခိုလုပ်ကိုင်နေကြတဲ့ လုပ်သားတွေအတွက်လည်း အလုပ်အကိုင်တွေ အဆင်ပြေသွားကြတာပေါ့"ဟု ၎င်းကပြောသည်။

ယခုကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာနေထိုင်သည့် မဟာအောင်မြေ မြို့နယ်မှ ဒေါ်ဝါဝါအောင်ကလည်း "ဒီရောဂါအတွက် အကောင်းဆုံးကာကွယ်ခြင်းဟာ အိမ်ပြင်ကိုမထွက်ဘဲ နေထိုင်ခြင်းဖြစ်တယ်လို့ သိထားတဲ့အတိုင်း ကျွန်မတို့မိသားစုတွေ အိမ်ထဲမှာပဲနေပြီး ကြိုတင်ဝယ်ထားတဲ့ ကုလားပဲကိုနှပ်ပြီး စားသလို အသီးအရွက်၊ ငါးခြောက်တွေနဲ့လည်းရောပြီး တစ်နေ့တစ်မျိုးမရိုးရအောင် ချက်စားနေကြတယ်။ ကုလားပဲကဈေးနှုန်းလည်းသက်သာပြီး ခွန်အားလည်း

ဖြစ်စေတယ်။ ဒါ့ကြောင့် ဒီကာလမှာကုလားပဲစားပြီး ကျန်းမာရေးသတိနဲ့အားရှိအောင် နေထိုင်တတ်ဖို့လိုပါတယ်"ဟု ပြောသည်။ မြန်မာ့ထွက်ကုန်ကုလားပဲကို မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဆောင်းသီးနှံအဖြစ် တစ်နှစ်လျှင် တစ်ရာသီသာ အများဆုံးစိုက်ပျိုးကြပြီး လက်ရှိအချိန်တွင် မန္တလေးပဲဈေးကွက်သို့ အဆိုပါကုလားပဲများ လှိုင်လှိုင် ဝင်ရောက်လျက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ယခုလဆန်းပိုင်းတွင် ထွက်ရှိလာသည့် ရာသီပေါ်ငှက်ပျောများ အထွက်နှုန်းကောင်းမွန်

ယခုလဆန်းပိုင်းမှ စတင်ထွက်ရှိလာသည့် ရာသီပေါ်ငှက်ပျောများ အထွက်နှုန်းကောင်းမွန်သည့်အပြင် ဒေသမျိုးစုံမှ ထွက်ရှိချိန်နှင့်ဆုံမှုကြောင့် ဈေးနှုန်းအနည်းငယ်ကျဆင်းလျက်ရှိကြောင်း မြန်မာနိုင်ငံ ငှက်ပျောစိုက်ပျိုးထုတ်လုပ်သူများ အသင်းမှ သိရသည်။ ငှက်ပျောစိုက်ပျိုးသူ တောင်သူ များအနေဖြင့် ရာသီဥတုအခြေအနေပေါ်မူတည်ကာ မိုးကိုမျှော်၍စိုက်ပျိုးကြရသည့်အတွက် စိုက်ပျိုးချိန်တူပြီး ထွက်ရှိချိန်လည်း ဆုံလေ့ရှိသည့်အပြင် ယခုနှစ်တွင် အထွက်နှုန်းလည်း ကောင်းမွန်သဖြင့် ယခင်နှစ်များက ယခုရာသီတွင် တစ်ဖီးလျှင် ငွေကျပ် ၁၅၀၀ နှုန်းရရှိခဲ့သော ဖီးကြမ်း ငှက်ပျောမှာ ယခုနှစ်တွင် ငွေကျပ် ၁၂၀၀ နှင့် ၁၃၀၀ အတွင်း၌သာ ပေါက်ဈေးရှိပြီး ယခင်နှစ်များက တစ်ဖီးလျှင် ၂၀၀၀ ကျပ်ရရှိခဲ့သော သီးမွှေးငှက်ပျောမှာ ယခုအချိန်တွင် ငွေကျပ် ၁၀၀၀ နှင့် ၁၁၀၀ နှုန်းသာပေါက်ဈေးရှိနေကြောင်း မြန်မာနိုင်ငံငှက်ပျောစိုက်ပျိုး ထုတ်လုပ်သူများ အသင်းမှ ဦးမန်းစောအောင်သောင်း က ပြောသည်။ “ဒီနှစ် ငှက်ပျောစထွက်တဲ့အချိန်မှာ အထွက်နှုန်းကောင်းတဲ့အတွက် ဈေးနှုန်းက အကျဘက်မှာရှိနေသလို အရောင်းအဝယ်လည်း အနည်းငယ်ပါးနေတယ်။ ပြည်တွင်းမှ စားသုံးမှု နည်းနေသေးတယ်လို့သုံးသပ်ရမှာပဲ။ ပြည်ပကိုတင်ပို့ရောင်းချမှုလည်း သိပ်မရှိဘူး။ ကျွန်တော်တို့ ငှက်ပျောစိုက်ပျိုးသူအားလုံးက မိုးစရွာပြီး မြေဆီစိုစွတ်မှစိုက်ပျိုးမှုကိုစတင်ကြတာဆိုတော့ ထွက်ချိန်ကြတော့လည်း စုပြုံပြီးတစ်ချိန်တည်းထွက်ရှိလာတာပါ။ တချို့တတ်နိုင်တဲ့သူတွေကတော့ ရေသွင်းပြီးစိုက်တဲ့အတွက် အထွက်စောပြီး ဈေးကောင်းရကြတာလည်းရှိပါတယ်" ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံ ငှက်ပျောစိုက်ပျိုး ထုတ်လုပ်သူများ အသင်းအနေဖြင့် နည်းပညာ အကူအညီရယူကာ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် ငှက်ပျောကို ပြည်တွင်း၌ ဧက ၄၀ ကျော် စမ်းသပ်စိုက်ပျိုးမှုများရှိသော်လည်း စားသုံးသူများ အနေဖြင့် ခေတုကင်းစင်သည့်ငှက်ပျောကို သီးသန့်စားသုံးမှုနည်းပါးသည့်အတွက် ပုံမှန်စိုက်ပျိုးထွက်ရှိသည့် ငှက်ပျော ပေါက်ဈေးများဖြင့်သာ ရောင်းချပေးနေရကြောင်းသိရသည်။ လက်ရှိတွင် မန္တလေးတိုင်းဒေသကြီးအတွင်း၌ ငှက်ပျောစိုက်ဧက နှစ်သိန်းခန့်ရှိကာ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားစသည့်ဒေသများတွင် အများဆုံးစိုက်ပျိုးထွက်ရှိကြောင်း နေ့စဉ် ရန်ကုန်မြို့သို့ ၁၂ ဘီးယာဉ် ကားစီးရေ ၁၀ စီးခန့် တင်ပို့နေရကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## COVID-19 ဂယက်ကြောင့် မြဝတီနယ်စပ်ကုန်သွယ်မှု ရာခိုင်နှုန်း ၅၀ ကျဆင်း

COVID-19 ဂယက်ကြောင့် မြဝတီနယ်စပ်ဂိတ် အမှတ်(၁)တံတားနှင့် သောင်ရင်းမြစ်ဖြတ်ကျော်စက်လှေဂိတ်များ ပိတ်လိုက်မှုကြောင့် မြန်မာနှင့် ထိုင်းနိုင်ငံတို့၏ မြဝတီနယ်စပ်မှ ကုန်သွယ်မှုမှာ ရာခိုင်နှုန်း ၅၀ ကျဆင်းခဲ့ကြောင်း မြဝတီနယ်စပ်ကုန်သည်များအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်ကပြောသည်။ မြဝတီမြို့တွင် အမှတ်(၁)တံတားနှင့် သောင်ရင်းမြစ်ဖြတ်ကျော်စက်လှေ ဂိတ်များပိတ်လိုက်သောကြောင့် ကုန်စည်စီးဆင်းမှုရပ်ဆိုင်းမသွားစေရေးအတွက် အမှတ်(၂) တံတားကိုမူ ဆက်လက်ဖွင့်လှစ်ထားသော်လည်း မြဝတီနယ်စပ်ကုန်သွယ်မှုမှာ ရာခိုင်နှုန်း ၅၀ ကျဆင်းခဲ့ခြင်း ဖြစ်သည်။ "ကုန်စည်စီးဆင်းမှုရပ်တန့်မှုမရှိအောင်တော့ မြဝတီအမှတ် (၂) တံတားကနေပြီး ကုန်စည်တွေကိုသယ်ဆောင်တင်ပို့မှုတွေ ဆောင်ရွက်ပေးနေပါတယ်။ ဒါပေမဲ့ အရင်ထက်စာရင် ရာခိုင်နှုန်း ၅၀ လောက် ကျဆင်းသွားခဲ့တာပေ့ါ။ ဘာဖြစ်လို့လဲဆိုရင် COVID-19 ဂယက်ကြောင့် အချို့ကုန်သည်တွေလည်း နားကုန်ကြတယ်။ အရင်က ထိုင်းဘက်ကိုပြောင်းတင်တဲ့ ၁၂ ဘီး

ကားကြီးတွေ အစီး ၃၀၀ ကျော်အထိ တင်ပို့နေရာကနေ အခုဆိုရင် စီးရေ ၁၅၀ မပြည့်ချင်တော့ဘူး" ဟု ၎င်းကပြောသည်။ ထို့ပြင် ထိုင်းနိုင်ငံဘက်ကလည်း နယ်မြေအလိုက် ဖြတ်သန်းမှု၊ ကန့်သတ်မှုများရှိသဖြင့် ယင်းသို့ကျဆင်းခဲ့ရခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

**Source:** https://myanmar.mmtimes.com/news/137575.html

## မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေး ပုံမှန်အခြေအနေရှိ၊ ပို့ကုန်ယာဉ်များ လမ်းပေါ်၌တန်းစီနေရ

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ် ၁၀၅ မိုင်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာ-တရုတ်ကုန်သွယ်ရေး ပုံမှန်အခြေအနေတွင်ရှိနေပြီး ပို့ကုန်တင်ဆောင်သည့် ၁၂ ဘီး/၂၂ ဘီးတွဲကားစီးရေ နေ့စဉ်တစ်ထောင်ခန့်ထိရှိနေကြောင်း မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန် စီမံဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးစံဖြိုးဝေကပြောသည်။ ပို့ကုန်တင်ဆောင်လာသည့် ယာဉ်များမှာ မူဆယ်အဝင်လမ်းပိုင်းများတွင် အချို့မှာ အရှေ့မြောက်တံခါး အသီးအရောင်းကွင်းသို့ဝင်ရောက်ရန် ညအိပ်စောင့်ဆိုင်းနေရပြီး မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး ဝင်/ထွက်ဂိတ်များ ပိတ်ထားခြင်းမရှိဟုဆိုသည်။ “မူဆယ် ၁၀ မိုင် ကုန်သွယ်ရေးဇုန်မှာတော့ ကုန်သွယ်ရေးအခြေအနေက ပို့ကုန်ကားတွေက အစီးတစ်ထောင်လောက်ရှိတယ် ပုံမှန်ဘဲ။ ကုန်သွယ်ရေးအခြေအနေက ပုံမှန်ဘဲ ။အခြားအတားအဆီးတွေ မရှိပါဘူး”၎င်းကပြောသည်။

လက်ရှိအခြေအနေတွင် ဖရဲနှင့် သခွားတင်ဆောင်သည့် တရုတ်ပို့ကုန် သီးနှံကုန်တင်ကားများသည် နေ့စဉ်အစီးရေ တစ်ထောင်ခန့်ဝင်ရောက်နေပြီး အစီးရေများပြားသဖြင့် လက်ကျန်ကားများက လမ်းမများပေါ်တွင် ရပ်တန့်ထားရသဖြင့် သီးနံအရောင်းကွင်းထဲသို့ အလှည့်ကျဝင်ရောက်နိုင်ရန် ပွဲစားများနှင့် ပို့ကုန်/သွင်းကုန် အေးဂျင့်များကစီစဉ်ပေးနေရသည်။

**Source:** https://myanmar.mmtimes.com/news/137634.html

## တရုတ်ယွမ်ဈေး တက်လာသဖြင့် ပဲတီစိမ်း၊ နှမ်းဈေးနှုန်း ပြန်လည်မြင့်တက်လာ




ကိုရိုနာဗိုင်းရပ်စ်ကြောင့် မန္တလေးပဲမျိုးစုံ ဈေးကွက်အတွင်း အရောင်းအဝယ် ထိခိုက်မှုမရှိပေ။ ယခုတစ်ပတ်အတွင်း တရုတ်ငွေဈေး ပြန်လည်မြင့်တက်လာခြင်းကြောင့် ပဲတီစိမ်း၊ နှမ်း ဈေးနှုန်း အနည်းငယ်မြင့်တက်လာပြီး အခြားပဲမျိုးစုံမှာလည်း ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း မန္တလေး ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်းကသိရသည်။ ပုံမှန်အရောင်းအဝယ်သာ ရှိသော်လည်း တရုတ်ငွေဈေး မြင့်တက်လာခြင်းကြောင့် ပဲတီစိမ်း ဈေးနှုန်းမှာ မတ် ၆ ရက်က ခရမ်းသုံးခွ ကျပ် ၁၁၂၀၀၀ မှ မတ် ၁၃ ရက်တွင် ကျပ် ၁၁၅၀၀၀ သို့ မြင့်တက်လာသည်။ “တရုတ်ငွေဈေး တက်လို့ အရင်တစ်ပတ်ကဈေးနှုန်းနဲ့စာရင် တက်လာတာဖြစ်ပါတယ်။ ဒီထက်တော့ ဆက်တက်မယ့်အနေအထားတော့ မရှိပါဘူး”ဟု မန္တလေးပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆွေကပြောသည်။

တရုတ်နိုင်ငံက အဓိကဝယ်ယူနေသည့် နှမ်းဖြူနှင့်နှမ်းနက် (စမုန်) တို့မှာ ငွေဈေးမြင့်တက်လာမှုကြောင့် ယခင် သီတင်းပတ်ထက်စာလျှင် ဈေးနှုန်းအနည်းငယ် မြင့်တက်လာသည်။ မတ် ၆ ရက်က သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၃၁၀၀၀ မှ မတ်၁၃ ရက်တွင် ကျပ် ၁၃၃၀၀၀၊ နှမ်းနက်(စမုန်) ကျပ် ၂၂၀၀၀၀ မှ ကျပ် ၂၃၀၀၀၀ သို့ မြင့်တက်လာသည်။ တရုတ်ငွေဈေး မြင့်တက်လာခြင်းကြောင့် ယခုသီတင်းပတ်တွင် ဈေးနှုန်းအနည်းငယ် မြင့်တက်လာခြင်းဖြစ်ပြီး ငွေဈေးဆက်လက်မြင့်တက်ခြင်းမရှိလျှင် ယခုဈေးနှုန်းထက် မြင့်တက်နိုင်ရန် မလွယ်ကူကြောင်း သိရသည်။

အိန္ဒိယနိုင်ငံက ဝယ်ယူမှုမရှိသော်လည်း ပြည်တွင်းဝယ်ရောင်းလုပ်ကိုင်သူများက အပြန်အလှန်ရောင်းဝယ်မှုရှိနေခြင်းကြောင့်ဈေးနှုန်းကျဆင်းခြင်းမရှိဘဲ တည်ငြိမ်နေသည်။ မတ် ၁၃ ရက်က သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၆၂၅၀၀၀ ရှိသည်။ အိန္ဒိယနိုင်ငံက သတ်မှတ်ဈေးနှုန်းအတိုင်းဝယ်ယူနေသဖြင့် အတက်အကျဈေးနှုန်းပြောင်းလဲခြင်းမရှိဘဲ တည်ငြိမ်နေသည်။ မတ် ၁၃ ရက်က သုံးတင်းဝင်တစ်အိတ်လျှင် ထိပ်စ ကျပ် ၈၂၀၀၀-၈၅၀၀၀ ဝန်းကျင်ရှိသည်။

ပြည်တွင်းပဲခွဲစက်လုပ်ငန်းရှင်များက စားသောက်ကုန်လုပ်ငန်းများအသုံးပြုရန် မှန်မှန်ဝယ်ယူနေသည်။ ပြည်ပနိုင်ငံများက ဝယ်ယူမှုလုံးဝမရှိသော်လည်း ထွက်ရှိမှုနှင့်ပြည်တွင်းဝယ်ယူမှု ထပ်တူကျနေကာ ဈေးနှုန်းအတက်၊ အကျ ပြောင်းလဲမှုမရှိဘဲ သုံးတင်းဝင်တစ်အိတ်လျှင် ကုလားပဲ (ထိုင်ဝမ်) ကျပ် ၇၀၀၀၀၊ ကုလားပဲ (ဗီတူး) ကျပ် ၇၂၀၀၀၊ ကုလားပဲ (နိုင်းတူးနိုင်း) ကျပ်၇၄၀၀၀ ရှိသည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်**

http://htwettoe.com/article-details/news/9013899

## ၂၀၂၀ ပြည့်နှစ်မှစတင်၍ ပို့ကုန်သွင်းကုန်များ တည်ငြိမ်မှုမရှိဘဲ ကျဆင်းလာခြင်း

ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါ (Covid-19) ကူးစက်ပျံ့နှံ့မှုကြောင့် ဟောင်ကောင်ဒေသ၏ ကုန်သွယ်ရေးကို အကြီးအကျယ်ပျက်စီးစေခဲ့ရာ ၂၀၂၀ ပြည့်နှစ်၊ ပထမ (၂) လအတွင်း ပို့ကုန် (၁၂) ရာခိုင်နှုန်းနှင့် သွင်းကုန် (၉.၃) ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ကုန်သွယ်မှု လိုငွေ ကုန်သွယ်မှုလိုငွေ ဟောင်ကောင်ဒေါ်လာ (၆၉.၁) ဘီလီယံရှိကြောင်း၊ ဟောင်ကောင်၏ ပို့ကုန်မှာ မကြာမီကာလအထိ ဆက်လက်နည်းနေမည်ဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်ကစတင် ဖြစ်ပွားခဲ့သည့် တရုတ်-အမေရိကန် ကုန်သွယ်ရေးစစ်ပွဲကြောင့် ဟောင်ကောင်၏ ပို့ကုန်မှာ သိသာစွာ ကျဆင်းခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် (၄.၁) ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ထပ်မံ၍ (၂) ရာခိုင်နှုန်းကျဆင်းမည်ဟု ဟောင်ကောင်ကုန်သွယ်ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ (HKTDC) က ခန့်မှန်းထားကြောင်း၊ ဟောင်ကောင်ဒေသသည် တရုတ်နိုင်ငံမှထုတ်လုပ်သည့် ကုန်ပစ္စည်းများ အများဆုံးတင်ပို့သည့် နေရာဖြစ်ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့ရှိ ထုတ်လုပ်မှုလုပ်ငန်းများနှင့် တန်ဖိုးကွင်းဆက်တစ်ခုလုံးကို ပြင်းထန်စွာရိုက်ခတ်လျှက်ရှိကြောင်း၊ ဥရောပ၏စီးပွားရေးမှာ ယခုနှစ်အတွင်းကျဆင်းမည် ဖြစ်ကြောင်း၊ သို့ဖြစ်ရာတရုတ်နှင့် အမေရိကန်နိုင်ငံတို့အကြား စီးပွားရေးအင်အားကြီး နှစ်နိုင်ငံအနေဖြင့် ကမ္ဘာ့စီးပွားရေး ကျဆင်းမှုကို တားဆီးနိုင်အောင် ပူးပေါင်းဆောင်ရွက်ရန် ကောင်းမွန်သည့်အခြေအနေဖြစ်ကြောင်း၊ မကြာမီလ အနည်းငယ်အတွင်း ကမ္ဘာ့ ဝယ်လိုအားမှာ အမှန်တစ်ကယ်လိုအပ်သည့်ပစ္စည်းများကိုသာ ဝယ်ယူကြမည်ဖြစ်ပြီး ဈေးကြီးသည့် အပိုအသုံးအဆောင် ပစ္စည်းများအား ဝယ်ယူတော့မည်မဟုတ်ကြောင်း၊ လာမည့်လများအတွင်း တရုတ်စက်ရုံများမှပစ္စည်းများကို ဝယ်ယူမှုများ ကျဆင်းမည်ဖြစ်ပြီး ဟောင်ကောင်ဒေသအပေါ်လည်း သက်ရောက်မည်မှာ မလွဲကေန်ဖြစ်ကြောင်း၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ဟောင်ကောင်ဒေသ၏ ပို့ကုန်မှာ တရုတ်ပြည်မကြီး မှ (၇.၉) ရာခိုင်နှုန်း၊ အမေရိကန်မှ (၂၆.၄) ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံမှ (၂၄.၂) ရာခိုင်နှုန်းနှင့် ဂျာမနီနိုင်ငံမှ (၂၂.၃) ရာခိုင်နှုန်းအသီးသီးလျော့ကျခဲ့ကြောင်း၊(၂) လအတွင်း ကုန်ပစ္စည်း အမျိုးအစားများအနေဖြင့် ကျောက်မျက်လက်ဝတ်ရတနာ၊ ရွှေနှင့် ငွေထည်ပစ္စည်း များ (၂၀.၁) ရာခိုင်နှုန်း ကျဆင်း ခဲ့ပြီး ဆက်သွယ်ရေး၊ အသံဖမ်းစက်နှင့် ထုတ်လုပ်ရေးပစ္စည်း ကိရိယာများမှာ (၂၀) ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၇ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Denise Tsang က " Import, Exports slumps in shaky start to 2020" ခေါင်းစဉ် ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်**

## တရုတ်ပြည်မကြီးရှိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း (၇၂) ရာခိုင်နှုန်းမှာ လုပ်ငန်းများပြန်လည် လုပ်ကိုင်လျှက်ရှိပြီး ဒစ်ဂျစ်တယ်လ်စနစ်ဖြင့်ဆောင်ရွက်ရန်တွန်းအားပေးလျှက်ရှိခြင်း

တရုတ်ပြည်မကြီးရှိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) မှာ နည်းပညာပိုင်းဆိုင်ရာ မြှင့်တင်ရန် အစိုးရ၏ ကူညီပံ့ပိုးမှုဖြင့် မတ်လမှ စတင်၍ လျှင်မြန်သည့် နှုန်းဖြင့် ဆောင်ရွက်လျှက်ရှိကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စက်မှုနှင့် သတင်းအချက် အလက်ဝန်ကြီးဌာန (Ministry of Industry and Information Technology- MIIT) က ပြောကြားကြောင်း၊ SMEs လုပ်ငန်းများမှ (၇၁.၇) ရာခိုင်နှုန်းမှာ cloud-based platform ဖြင့် ထုတ်လုပ်မှုဆောင်ရွက်ရာ (၂၉.၆) ရာခိုင်နှုန်းရှိကြောင်း၊ ထုလုပ်မှုများတွင် ပူးပေါင်းဆောင်ရွက် ရန်နှင့် ဆုံးရှုံးနိုင်ခြေရှိသော စွန့်စားမှုများအား ကာကွယ်ရန်၊ တန်ဖိုးကွင်းဆက်ထုတ်မှုများ လုံခြုံစိတ်ချစေရန်နှင့် အလားအလာရှိသော အဓိကလုပ်ငန်းများအား ထိခိုက်မှုမရှိစေအောင်

Industrial internet Platforms မှလည်း စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်အောင် ကူညီပံ့ပိုးလျှက်ရှိကြောင်း၊ အချို့လုပ်ငန်းများမှာ cloud-based platform အား အွန်လိုင်းမှ အဝေးထိန်းစနစ်ဖြင့် အလုပ်လုပ်ခြင်း၊ အွန်လိုင်းမှ သင်တန်းများပို့ချခြင်း၊ သုတေသန လုပ်ငန်း များ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် e-commerce လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ လုပ်ကိုင် လျှက်ရှိကြောင်း၊ အလုပ်သမားအများအပြား လုပ်ကိုင်လျှက်ရှိသည့် တရုတ်ပြည်မကြီးရှိ အသေးစားစက်ရုံနှင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် လုပ်ငန်းများပုံမှန်ပြန်လည်လုပ်ကိုင်ရန်မှာ စီးပွားရေးလုပ်ငန်းကြီးများထက် ပိုမိုခက်ခဲလျှက်ရှိကြောင်း၊ အသေးစားလုပ်ငန်းများမှာ အလုပ်သမားများအတွက် Mask အလုံအလောက်မရှိသောကြောင့် ဗိုင်းရပ်စ်ကာကွယ်နိုင်ရန် ပြည်နယ်အစိုးရမှ ချမှတ်ထားမှုအား အပြည့်အဝ လိုက်နာနိုင်မှုမရှိသည်ကိုတွေ့ရကြောင်း၊ SMEs လုပ်ငန်းများ လုပ်ငန်းများ မြန်မြန်လည်ပတ်နိုင်အောင် အဝေးထိန်းစနစ်ဖြင့်လုပ်ငန်းများလုပ်ကိုင်ရန်၊ ထုတ်လုပ်မှုလုပ်ငန်းများသာမက ဝန်ဆောင်မှုလုပ်ငန်းများ၌ပါ cloud-based platform အသုံးပြုရန် MIIT မှ SMEs လုပ်ငန်းများအား တိုက်တွန်းပြောကြားခဲ့ကြောင်း၊ SMEs လုပ်ငန်းများအတွက် နည်းပညာပိုင်းဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာကျွမ်းကျင်မှုအတွက် အစိုးရမှ ချမှတ်ထားသည့် မူဝါဒများအားသင်ယူနိုင်ရန် သင်တန်း (၃၇၀) ကျော်အား အွန်လိုင်းမှပို့ချရန်ရှိကြောင်း၊ အဆိုပါ သင်တန်းများအား ဝင်ရောက်ကြည့်ရှုသည့် အကြိမ်ပေါင်း (၈) မီလီယံကျော်ရှိကြောင်း၊ တရုတ်နိုင်ငံတွင် အွန်လိုင်းမှ သင်တန်းများပို့ချခြင်းနှင့် အဝေးထိန်းစနစ်ဖြင့်အလုပ်လုပ်ခြင်းမှာ လွန်ခဲ့သောနှစ်အနည်းအတွင်းမှ စတင်၍ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်၊ စတုတ္ထလေးလပတ်တွင် (၆၆.၉) ရာခိုင်နှုန်းရှိကြောင်း၊ Allibaba Group Holdings မှ Allibaba cloud ဖြင့် လုပ်ငန်းဆောင်ရွက်မှု (၄၆.၆) ရာခိုင်နှုန်းနှင့် Tencent Cloud မှ (၁၈ ) ရာခိုင်နှုန်းနှင့် Baidu's AI cloud မှ (၈.၈) ရာခိုင်နှုန်းရှိကြောင်း ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၆ ရက်နေ့တွင် ထုတ်ဝေသော South China Morning Post သတင်းစာတွင် "Almost 72 per cent of Chinese SMEs have resumed work amid push to digitize businesses, ministry says" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားသည့်သတင်းအား တင်ပြအပ်ပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်**

## ဒေလီလေဆိပ်၌ ပြည်တွင်းလေကြောင်းခရီးစဉ်လုပ်ငန်းများ ပုံမှန်ဆောင်ရွက်မည်ဖြစ်ကြောင်း အိန္ဒိယလေကြောင်းဌာနက သတင်းထုတ်ပြန်ခြင်း

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအား ထိရောက်စွာကာကွယ်နိုင်ရေးအတွက် ဒေလီမြို့တော်၌ ဆက်သွယ်သွားလာမှုများအား မတ်လ ၃၁ ရက်အထိ တားမြစ်ပိတ်ပင်ထားမည့် အခြေအနေအား ၂၂.၃.၂၀၂၀ နေ့တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ရာ၌ ပြည်တွင်းလေကြောင်းခရီးစဉ်များကိုပါ ပိတ်ထားမည်ဖြစ်ကြောင်း ဒေလီပြည်ထောင်စုနယ်မြေအစိုးရ ဝန်ကြီးချုပ် Mr. Arvind Kejriwal က ပြောကြားခဲ့ပါသည်။ အဆိုပါပြောကြားချက်နှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲအပြီး မိနစ် ပိုင်းအကြာတွင် အိန္ဒိယနိုင်ငံအစိုးရ၊ မြို့ပြလေကြောင်းဦးစီးဌာန (Director General of Civil Aviation – DGCA) က ဒေလီမြို့ရှိ အင်ဒီယာဂန္ဒီလေဆိပ်၏ ပြည်တွင်းလေကြောင်းခရီးစဉ် လုပ်ငန်းဆောင်ရွက်မှုများအား ဆိုင်းငံ့ထားခြင်းမရှိပဲ ပုံမှန်လည်ပတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းချက် ပြန်လည်ထုတ်ပြန်ကြေညာခဲ့ပါသည်။ DGCA က လေဆိပ်လုပ်ငန်းဆောင်ရွက်မှုများသည် ဒေလီပြည်ထောင်စုနယ်မြေအစိုးရ လက်အောက်၌မရှိပဲ ဗဟိုအစိုးရ၏ စီမံအုပ်ချုပ်မှုဖြင့် လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ လက်ရှိကာလတွင် ပြည်ပလေကြောင်းခရီးစဉ်များအား နိုင်ငံအတွင်းဆင်းသက်မှုကို ယာယီဆိုင်းငံ့ထားခြင်းဖြစ်ကြောင်း ဖော်ပြ ပါသည်။ သို့ရာတွင် ခရီးသည် သွားလာမှုနည်းပါးခြင်းကြောင့် လေကြောင်းလိုင်းများသည် ပြည်တွင်းလေကြောင်းခရီးစဉ်အချို့ကို ဖျက်သိမ်းထားရှိပြီးဖြစ်ပါသည်။

**Source: Domestic Flights In And Out Of Delhi Not Banned: Aviation Regulator, 22 March 2020, NDTV**

စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့

## အိန္ဒိယနိုင်ငံ၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ပဲမျိုးစုံတင်သွင်းခွင့် ခွဲတမ်းသတ်မှတ်ချက်ထုတ်ပြန်ခြင်း

၂၀၁၅-၂၀၂၀ နိုင်ငံခြားကုန်သွယ်မှု မူဝါဒအရ ဗဟိုအစိုးရက ၂၀၁၇ ခုနှစ်မှစတင်၍ ကန့်သတ်တင်သွင်းကုန်စည်အဖြစ် သတ်မှတ်ထားသည့် ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် ပဲလုံးအုပ်စုဝင်ပဲများ (စားတော်ပဲ အစိမ်း၊ အဝါနှင့် အခြားပဲများ) အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ခွဲတမ်းသတ်မှတ်ချက်ဖြင့် ကန့်သတ်တင်သွင်းခွင့်ပြုမည့် ပမာဏကို အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနရှိ ကူးသန်းရောင်းဝယ်ရေးဌာနက အမိန့်ကြော်ငြာစာအမှတ် S.O. 1225(E) ဖြင့် ၂၈.၃.၂၀၂၀ နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါ အမိန့်ကြော်ငြာစာအရ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ပဲတီစိမ်းတန်ချိန် ၁.၅ သိန်း၊ ပဲစင်းငုံတန်ချိန် ၄ သိန်းနှင့် ပဲလုံးအုပ်စုဝင် စားတော်ပဲအစိမ်း၊ စားတော်ပဲအဝါနှင့် အခြား ပဲများ တန်ချိန် ၁.၅ သိန်းတို့ကို ကန့်သတ်တင်သွင်း ခွင့်ပြုမည်ဖြစ်ကြောင်း၊ ပဲလုံးအုပ်စုဝင်ပဲများ တင်သွင်းမှုကို ၁၈.၁၂.၂၀၁၉ နေ့၌ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၃၇ ၌ ဖော်ပြပါရှိ ချက်အတိုင်း တစ်ကီလိုလျှင် အနိမ့်ဆုံး CIF ရူပီးငွေ ၂၀၀ နှုန်းဖြင့် ကိုလ်ကတ္တားဆိပ်ကမ်းမှသာ တင်သွင်းရမည် ဖြစ်ကြောင်း၊ ယခုကန့်သတ်ချက်သည် အိန္ဒိယအစိုးရ၏ နှစ်နိုင်ငံချင်း သို့မဟုတ် ဒေသဆိုင်ရာအဆင့် လက်မှတ်ရေးထိုး ထားသည့် နားလည်မှုစာချွန်လွှာများနှင့် သက်ဆိုင်မှုမရှိကြောင်း၊ ပြည်တွင်းရှိ ပဲခွဲစက်နှင့်ပဲသန့်စင်မှုလုပ်ငန်း ဆောင်ရွက်သူများ ကသာ DGFT ဌာနမှ သတ်မှတ်သည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပဲများတင်သွင်းခွင့်ခွဲတမ်းကို လျှောက်ထားနိုင်ကြောင်း သိရှိရပါသည်။

**Source:** စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့

## စင်ကာပူ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၂၀ ခုနှစ်၊ ပထမ(၃)လပတ်တွင် ၂.၂ ရာခိုင်နှုန်းကျဆင်းခဲ့၊ ၂၀၂၀ ခုနှစ် တစ်နှစ်ပတ်လုံးအတွက် စီးပွားရေးတိုးတက်မှုနှုန်းမှာ (-) ၄ ရာခိုင်နှုန်းမှ (-) ၁ ရာခိုင်နှုန်းဘောင်အတွင်းကျဆင်းနိုင်

စင်ကာပူနိုင်ငံကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနက ၂၆ - ၃ - ၂၀၂၀ ရက်နေ့တွင် ထုတ်ပြန် ခဲ့သော ရှေ့ပြေးခန့်မှန်း စာရင်းအရ စင်ကာပူ၏ စီးပွားရေးသည် ၂၀၂၀ ခုနှစ်၊ ပထမ (၃) လပတ်တွင် ၂.၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းနှင့် ၂၀၁၉ ခုနှစ်၊ စတုတ္ထ(၃)လပတ်တွင် ပေါ်ပေါက်ခဲ့သော ၁ ရာခိုင်နှုန်း တိုးတက်မှုအခြေအနေမှ နောက်ပြန်ဆုတ်သွားသောရလဒ်ဖြစ်ပေါ် ခဲ့ကြောင်း သိရှိရပါသည်။

ပထမ(၃)လပတ်တွင် ကုန်ထုတ်လုပ်မှုကဏ္ဍသည် ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၀.၅ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း ၂၀၁၉ ခုနှစ်၊ စတုတ္ထ(၃)လပတ်တွင် ဖြစ်ပေါ်ခဲ့သော ၂.၃ ရာခိုင်နှုန်း ကျဆင်းမှုအခြေအနေထက် ဆိုးရွားမှု သက်သာခဲ့ကြောင်း၊ ဤကာလအတွင်း ဇီဝဆေးဝါးနှင့် တိကျအင်ဂျင်နီယာလုပ်ငန်းကဏ္ဍများတွင် ထုတ်လုပ်မှုတိုးတက်ခဲ့ သော်လည်း အီလက်ထရွန်နစ်နှင့် ဓာတုဗေဒပစ္စည်းထုတ်လုပ်မှုအပိုင်းတွင် ကျဆင်းမှုအခြေအနေက ကုန်ထုတ်လုပ်မှုကဏ္ဍ တစ်ခုလုံးအပေါ် သက်ရောက်မှုရှိခဲ့ကြောင်း၊ ပထမ(၃)လပတ်တွင် ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ၌ ၄.၃ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပြီး၊ ယခင်(၃)လပတ်တွင် ပေါ်ပေါက်ခဲ့သော ၄.၃ ရာခိုင်နှုန်း တိုးတက်မှုအခြေအနေနှင့် ရလဒ်ပြောင်းပြန် ဖြစ်ပေါ် ခဲ့ကြောင်း၊ ရောဂါထိန်းချုပ်နိုင်ရန် မြို့များကို သီးသန့်ထိန်းချုပ်ထားခြင်းနှင့် ခရီးသွားလာရေးကို ကန့်သတ်လိုက်ခြင်း အစီအမံ တို့ကြောင့် ကုန်ထုတ်လုပ် မှုကွင်းဆက်ပြတ်တောက်ခြင်း၊ နိုင်ငံခြားလုပ်သားများ စင်ကာပူသို့ပြန်လည်ဝင်ရောက်နိုင်မှု နှောင့်နှေးခြင်းတို့ကြောင်း အဓိကအားဖြင့် ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းများအပေါ် ဆိုးရွားစွာထိခိုက်ခဲ့ကြောင်း ဖော်ပြထား ပါသည်။

၂၀၂၀ ခုနှစ်၊ ပထမ(၃)လပတ်တွင် ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍသည်လည်း ၃.၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး၊ ယခင် (၃)လပတ်တွင် ပေါ်ပေါက်ခဲ့သည့် တိုးတက်မှုနှုန်း ၁.၅ ရာခိုင်နှုန်းထက် လျှော့ကျခဲ့ကြောင်း၊ ရောဂါဖြစ်ပွားမှုကြောင့် ပြည်တွင်း စားသုံးမှုကျဆင်းခြင်းနှင့်အတူ နိုင်ငံခြားခရီးသည်ဝင်ရောက်မှု ရုတ်တရက်ကျဆင်းခြင်းတို့ကြောင့် လေကြောင်းပို့ဆောင်ရေး၊ တည်းခိုနေထိုင်ရေး၊ အစားအသောက်ဝန်ဆောင်မှုနှင့် လက်လီအရောင်းအဝယ်လုပ်ငန်းများ ထိခိုက်ခဲ့ကြောင်း၊ ကုန်ထုတ်လုပ်မှု ကွင်းဆက်ပြတ်တောက်မှုနှင့် ပြည်ပဝယ်လိုအားကျဆင်းမှုအခြေအနေတို့ကြောင့် လက်ကားကုန်သွယ်ရေး၊ သယ်ယူ

ပို့ဆောင်ရေးနှင့် သိုလှောင်ရေးလုပ်ငန်းကဏ္ဍများ သည်လည်း ထိခိုက်ခဲ့ကြောင်း၊ သို့ရာတွင် သတင်းအချက်နှင့်ဆက်သွယ်ရေး၊ ငွေရေးကြေးရေးနှင့် အာမခံလုပ်ငန်းကဏ္ဍများတွင် တိုးတက်မှုဖြစ်ပေါ်ခဲ့ကြောင်းသိရှိရပါသည်။

၂၀၂၀ ခုနှစ်အတွက် စင်ကာပူ၏ စီးပွားရေးအခြေအနေကို လွန်ခဲ့သည့် ဖေဖော်ဝါရီလက ခန့်မှန်းခဲ့ရာ၌ COVID-19 ရောဂါဖြစ်ပွားနေမှုအခြေအနေကြောင့် စီးပွားရေးတိုးတက်မှုနှုန်းမှာ အနုတ်(-) ၀.၅ ရာခိုင်နှုန်းမှ ၁.၅ ရာခိုင်နှုန်းဘောင် အတွင်းသာ ရရှိနိုင်ကြောင်း ခန့်မှန်းခဲ့ပါသည်။ ယခုအခါ ရောဂါဖြစ်ပွားမှုသည် တရုတ်နိုင်ငံသာမက အခြားနိုင်ငံများသို့ လျင်မြန်စွာကူးစက်ပျံ့နှံ့ လျက်ရှိပြီး၊ ရောဂါထိန်းချုပ်နိုင်ရေးအစီအမံများကြောင့် ကုန်ထုတ်လုပ်မှုကွင်းဆက်ပြတ်တောက်မှု နှင့် ပြည်ပဝယ်လိုအား ထိခိုက်မှုဖြစ်ပေါ်လာကာ စင်ကာပူ၏ ပြည်ပဈေးကွက်များအား အဓိကမှီခိုဆောင်ရွက်သောလုပ်ငန်း ကဏ္ဍများဖြစ်သည့် ကုန်ထုတ်လုပ်မှုနှင့်လက်ကားကုန်သွယ်ရေးလုပ်ငန်းကဏ္ဍများအပေါ် ဆိုးရွားစွာသက်ရောက်နိုင်ကြောင်း၊ နိုင်ငံခြားခရီးသွားလာမှု တစ်ဟုန်ထိုးကျဆင်းမှုကြောင့် ခရီးသွားလာရေးနှင့် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများအပေါ် ဆိုးရွားစွာထိခိုက်လျက်ရှိပြီး၊ ပြည်တွင်းစားသုံးမှုကျဆင်းခြင်းကြောင့် လက်လီအရောင်းအဝယ်လုပ်ငန်းနှင့် အစား အသောက် ဝန်ဆောင်မှုလုပ်ငန်းများသည်လည်း ဆိုးရွားသောသက်ရောက်မှု ဖြစ်ပေါ်နေသည့်အခြေအနေတို့ကြောင့် ၂၀၂၀ ခုနှစ် တစ်နှစ်ပတ်လုံးအတွက် စီးပွားရေးတိုးတက်မှုနှုန်းမှာ (-) ၄ ရာခိုင်နှုန်းမှ (-) ၁ ရာခိုင်နှုန်းဘောင်အတွင်း ကျဆင်းနိုင်ကြောင်း ဖော်ပြထားပါသည်။

**Source: Media Release, Ministry of Trade & Industry, Singapore**

**စီးပွားရေးသံမှူး - မြန်မာသံရုံး၊ စင်ကာပူမြို့**

## Thura News View

**India to buy huge amount of black gram as beans remain steady**

The government of India has announced plans to import 400,000 tonnes of black gram beans from Myanmar between May 2020 and March 2021. The price per tonne of black gram is holding at around MMK 1 million per tonne, according to the Myanmar Times. Black gram is a staple crop of India and one of its chief imports from Myanmar. Myanmar Pulses, Beans and Sesame Seeds Merchants Association chair U Tun Lwin told the Times that Myanmar is still finishing an order of 250,000 tonnes made last year.

The boost is a good sign for Myanmar's bean traders. Despite its reputation for rice, Myanmar grows and exports almost as many beans and pulses. In 2017, India halted its imports of Myanmar green gram (another major export bean) making Europe and China the primary buyer of that crop. However, the COVID-19 pandemic has slowed exports of green gram to Europe. Nevertheless the Myanmar bean market appears to be holding steady, according to the Myanmar Pulses, Beans and Sesame Seeds Merchants Association. "Myanmar is still exporting beans to some European countries. There is no significant impacts on the bean export market," Association secretary U Min Ko Oo told the Daily Eleven.

Meanwhile, trade of rice, watermelons and other crops is picking up on the Chinese border, according to merchants in Muse. Seafood, however, continues to struggle, with unsold fish rotting in coastal warehouses. The situation highlights Myanmar's lack of capacity to produce downstream, value-added products such as canned vegetables and fish, which can last much longer in storage.

**Foreign investment hits USD 2 billion**

Foreign direct investment (FDI) has topped USD 2 billion in the first five months of the current fiscal year. That number came from 132 new foreign investors who received approval from the Directorate of Investment and Company Administration (DICA) between October 1, 2019, and February 29, 2020. Together, the oil and gas and

power sectors accounted for more than USD 1 billion. Manufacturing was the next highest sector with 14.14 percent of new FDI.

The USD 2 billion mark puts Myanmar on track to at least match the 2018–2019 fiscal year, which saw USD 4.4 billion in foreign investment. Instability on the western border and a politically–embarrassing condemnation from the United Nations and International Court of Justice have tempered Western interest somewhat. However, Myanmar has found eager investors from Thailand, Japan, South Korea and China. China, in particular, has redoubled investments in oil and gas, power, and transportation infrastructure as it develops the so–named China–Myanmar Economic Corridor, a key component of China's Belt and Road Initiative.

Myanmar, in return, has been happy to oblige its largest neighbor, especially in the energy sector. Surging demand for power has led Myanmar to import large quantities of liquid natural gas from China and Hong Kong and partner with Chinese firms for domestic power plants. Beyond power, Myanmar's garment sector continues to grow despite worker unrest and, more recently, factory closures due to the COVID–19 pandemic. Although the pandemic has also hit Myanmar's tourism industry, foreign companies have announced several high–profile hotel and resort projects in Yangon and on Myanmar's coasts. Finally, foreign investment is up in the finance sector, as new rule changes have opened banks, listed companies on the Yangon Stock Exchange and the insurance market to outside stakeholders.

**Source: Thura Swiss News (Issue 409 March 27, 2020)**

## STOCK EXCHANGE (30.3.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 30th Mar. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +0 | +0.00% | 10,000 | 10,000 | 10,000 | 1,680 | 16,800,000 | 27,112,747 | 271,127 |
| MTSH | 00002 | 3,500 | +50 | +1.45% | 3,450 | 3,500 | 3,400 | 4,073 | 13,935,600 | 38,929,150 | 136,252 |
| MCB | 00003 | 7,700 | -500 | -6.10% | 7,700 | 7,700 | 7,700 | 4 | 30,800 | 10,400,986 | 80,088 |
| FPB | 00004 | 21,000 | +0 | +0.00% | 21,000 | 21,000 | 21,000 | 42 | 882,000 | 2,472,053 | 51,913 |
| TMH | 00005 | 2,600 | -100 | -3.70% | 2,600 | 2,750 | 2,600 | 509 | 1,323,700 | 12,823,224 | 33,340 |

## Market summary

As of 30th Mar. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 418.25 | -3.32 | -0.79% | 420.63 | 420.63 | 415.41 | 6,308 | 32,972,100 | 5 | 572,720 |

### Index chart




# Market Overview

As of 1:00 pm, 30th Mar. 2020

| MYANPIX | 418.25 ▼3.32 |
|---|---|
| Total Volume (shares) | 6,308 |
| Total Value (MMK) | 33 mil |
| Listed Company | 5 |
| Market Cap. (MMK) | 572,720 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲0 |
| MTSH | 00002 | 3,500 | ▲50 |
| MCB | 00003 | 7,700 | ▼500 |
| FPB | 00004 | 21,000 | ▲0 |
| TMH | 00005 | 2,600 | ▼100 |